# ဖိနှိပ်ဖစ်၊ ပြန်တွန်းလှန်



ဧပြီလ၊ ၂၀၂၄ ခုနှစ်

တော်လှန်ရေးအင်အားစုများကို ဦးတည်သည့်
အကြမ်းမဖက် လူထုလှုပ်ရှားမှုများအပေါ် တုံ့ပြန်မှုများကို လေ့လာဆန်းစစ်ခြင်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းနှင့် နောက်ခံအကြောင်းအရာ | ၂ |
| ၂။ | သုတေသနနည်းနာနှင့် စိန်ခေါ်ချက်များ | ၄ |
| ၃။ | လေ့လာတွေ့ရှိချက်များ | ၅ |
| | ၃.၁။ ဆန္ဒထုတ်ဖော်ရသည့် အကြောင်းအရင်းများ | ၇ |
| | ၃.၂။ ဆန္ဒထုတ်ဖော်မှုများအပေါ် တုံ့ပြန်မှုများ | ၉ |
| ၄။ | နိဂုံး | ၁၅ |
| ၅။ | အကြံပြုချက်များ | ၁၆ |

# အသံ – လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့၏ နောက်ခံသမိုင်းအကျဉ်း

အသံ – လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် လှုပ်ရှားမှုအဖွဲ့ကို လူ့အဖွဲ့အစည်းတခုလုံးတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရရှိရေးအတွက်ရည်ရွယ်၍ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လူငယ်များမှစုစည်းကာ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ Research Team For Telecommunications Law နှင့် We Support Journalists အဖွဲ့တို့ကို ပေါင်းစည်းကာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပိုမိုစနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ရန် အသံအဖွဲ့ကို တည်ထောင်ခဲ့ခြင်းဖြစ်သည်။

အသံသည် အဓိကဦးတည်ချက် (၃) ချက်ဖြစ်သည့် သုတေသန၊ စည်းရုံးရေးနှင့် ပညာပေးခြင်းတို့မှတဆင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မြှင့်တင်ပေးသည့် သုတေသနအခြေပြု တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းဖြစ်သည်။ သုတေသနကို အခြေခံထားသော အဖွဲ့အစည်းဖြစ်ပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို အဟန့်အတားဖြစ်သည့်ဥပဒေများ၊ ဓလေ့ထုံးတမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဖြစ်စဉ်ဖြစ်ရပ်များကို စဉ်ဆက်မပြတ် လေ့လာဖော်ထုတ် မှတ်တမ်းတင်ခြင်း၊ အဖွဲ့၏ သုတေသနတွေ့ရှိချက်များအပေါ် အခြေခံ၍ ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသည့် ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရေးဆောင်ရွက်ခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပြည့်အဝရရှိစေရန်သက်ဆိုင်ရာအဆင့်အလိုက်၊ကဏ္ဍအလိုက်စည်းရုံးလှုံ့ဆော်ဆွေးနွေးမှုများ ဆောင်ရွက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လျက်ရှိသည်။ အသံအဖွဲ့နှင့် တည်ထောင်သူ မောင်ဆောင်းခသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်သာလန်နိုင်ငံမှ ပေးအပ်သော Human Rights Tulip Award ကို ရရှိခဲ့သည်။ အသံအဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီစံနှုန်းတခုဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို အပြည့်အဝရရှိသော လူ့အဖွဲ့အစည်းဖြစ်လာရန် ရည်သန်သည်။

# (၁) နိဒါန်းနှင့် နောက်ခံအကြောင်းအရာ

မြန်မာစစ်တပ်သည် လူ့ရပိုင်ခွင့်(ဝါ) လူ့အခွင့်အရေး၏ အခြေခံအကျဆုံးဖြစ်သည့် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်တို့ကို ကဏ္ဍပေါင်းစုံမှ နည်းလမ်းမျိုးစုံဖြင့် ဖိနှိပ်၊ ကန့်သတ်လာခဲ့သည်မှာ ခေတ်အဆက်ဆက် ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက် အာဏာသိမ်းမှုကို ဆန့်ကျင်သည့် အကြမ်းမဖက် လူထုလှုပ်ရှားမှုများကိုလည်း အကြမ်းဖက် ဖြိုခွင်းခြင်းဖြင့်သာ တုံ့ပြန်ခဲ့သည်။

စစ်အာဏာသိမ်းမှုကိုလက်မခံသည့်လူထု၏အကြမ်းမဖက်လှုပ်ရှားမှုများကိုလက်နက်ဖြင့်ပစ်ခတ်ဖြိုခွင်းခြင်း၊ အစုလိုက်အပြုံလိုက် ဖမ်းဆီးထောင်ချခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ နွေဦးတော်လှန်ရေး၏ အခင်းအကျင်းသည် အကြမ်းမဖက်လှုပ်ရှားမှုများမှ လက်နက်ကိုင်တော်လှန်ရေးအဖြစ်သို့ မလွဲမရှောင်သာ ကူးပြောင်းလာခဲ့ရသည်။ တော်လှန်ရေးအခင်းအကျင်း ပြောင်းလဲမှုနှင့်အတူ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDFs) များနှင့် ဒေသန္တရကာကွယ်ရေးတပ်ဖွဲ့များ (LPDFs) နိုင်ငံအနှံ့တွင် ပေါ်ထွက်လာခဲ့သည်။ နွေဦးတော်လှန်ရေးကာလ ၅ နှစ်အတွင်း စစ်အာဏာရှင်ကို နှစ်ပေါင်းများစွာ ဆန့်ကျင်တော်လှန်လာသော တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့များ (EROs)နှင့်၂၀၂၁ခုနှစ်နောက်ပိုင်းတွင်ပေါ်ထွက်လာသောတော်လှန်ရေးအင်အားစုများသည်နယ်မြေတချို့ကိုထိန်းချုပ်လာနိုင်ခဲ့ပြီး လက်ရှိတွင် စုစုပေါင်း မြို့နယ် (၉၀) ခန့်ကို ထိန်းချုပ်ထားသည်။ [1] တော်လှန်ရေးကို ဦးဆောင်နေသော အဖွဲ့အစည်းများသည် အာဏာသိမ်းစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများကို ခုခံတွန်းလှန်ကာ လွတ်လပ်၍ တရားမျှတသော ဖက်ဒရယ် ဒီမိုကရေစီ ပြည်ထောင်စုတစ်ခု တည်ထောင်ရန် ရည်မှန်းထားကြသည်။ [2]

[1] တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၉၀ မြို့၊ Burma News International (၂၀၂၆၊ မတ်လ)

[2] ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်

သို့ရာတွင် စိုးမိုးနယ်မြေများရရှိလာပြီးအုပ်ချုပ်ရေးအခန်းကဏ္ဍကိုစတင်ထမ်းဆောင်လာရသည့်အခါ နယ်မြေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးယန္တရားများကိုလည်း လက်တွေ့ တည်ဆောက်လာကြရသည်။ ထိုကဲ့သို့ အုပ်ချုပ်ရေးယန္တရားများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အုပ်ချုပ်ခံပြည်သူလူထု၏ အခွင့်အရေးများကို ကာကွယ်ပေးနိုင်ရန်နှင့် ဒေသဆိုင်ရာအာဏာပိုင်များ၏ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို အာမခံနိုင်ရန် လိုအပ်ချက်များလည်း ရှိလာခဲ့သည်။

သို့သော် လက်တွေ့အခြေအနေတွင် ထိုလိုအပ်ချက်များသည် အပြည့်အဝ အကောင်အထည်ဖော်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရသည်။ သတင်းအချက်အလက်များကို လေ့လာစောင့်ကြည့်မှုများအရ စိုးမိုးနယ်မြေ (ထိန်းချုပ်နယ်မြေ) များအတွင်း ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်များအပေါ် ကန့်သတ်မှုများနှင့် ဖမ်းဆီးမှုဖြစ်စဉ်များကို တွေ့နေရသည်။

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင် အာဏာသိမ်းစစ်တပ်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်မှုများကို စဉ်ဆက်မပြတ် လေ့လာစောင့်ကြည့်ခဲ့ကြသော်လည်း တော်လှန်ရေးမှ ပေါ်ပေါက်လာသည့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးကန့်သတ်မှုများ၊ အထူးသဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်များအပေါ် ကန့်သတ်မှုများကို စနစ်တကျ စုစည်းလေ့လာထားမှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေဆဲ ဖြစ်သည်။ ထို့ကြောင့် ဤသုတေသနသည် လိုအပ်ချက်ကိုဖြည့်ဆည်းရန်နှင့် ဖြစ်စဉ်အချက်အလက်များအပေါ် အခြေခံသော ပထမဆုံး ဆန်းစစ်လေ့လာမှု ဖြစ်လာစေရန် ရည်ရွယ်သည်။ လွတ်လပ်၍ တရားမျှတသော ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံသစ်ကို ရည်မှန်းရာတွင် စစ်အာဏာရှင်ကို တော်လှန်ရုံသာမက တော်လှန်အဖွဲ့အစည်းများ၏ လူ့အခွင့်အရေး ကန့်သတ်မှုများနှင့် ၎င်းတို့၏ပုံစံများ၊ အကြောင်းရင်းများနှင့် သက်ရောက်မှုများအပေါ် အလေးထား လေ့လာမှုများ ပြုလုပ်ရန် လိုအပ်သည်။

သို့ဖြစ်ပါ၍ ဤသုတေသနစာတမ်းသည် တော်လှန်ရေးအင်အားစုများစိုးမိုးရာ ဒေသများအတွင်း ပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စုဝေးခွင့်များအပေါ် ကျင့်သုံးလျက်ရှိသည့် ကန့်သတ်ချက်များကို စနစ်တကျလေ့လာရန် ရည်ရွယ်ပါသည်။ ထို့အပြင် ကန့်သတ်မှုပုံစံများ၊ ဖြစ်ပေါ်လာရသည့် အကြောင်းရင်းခံများနှင့် သက်ရောက်မှုများကို ဆန်းစစ်ချက်များမှတစ်ဆင့် ဖော်ထုတ်သွားမည် ဖြစ်သည်။ ဤသုတေသနမှ ထွက်ပေါ်လာသည့် အချက်အလက်နှင့် တွေ့ရှိချက်များသည် တော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးဆိုင်ရာ မူဝါဒများကို ပြုပြင်ပြောင်းလဲရန်နှင့် ဒေသတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းစဉ်များကို ပိုမိုခိုင်မာစေရန်အတွက် အထောက်အကူပြုနိုင်မည် ဖြစ်သည်။

## (၂) သုတေသနနည်းနာနှင့် စိန်ခေါ်ချက်များ

ဤသုတေသနစာတမ်းသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ငါးနှစ်တာကာလအတွင်း တော်လှန်ရေးအင်အားစုများအားဦးတည်၍ ပေါ်ပေါက်ခဲ့သော အကြမ်းမဖက်လူထုလှုပ်ရှားမှုများကို အဓိကထား ဆန်းစစ်ထားခြင်း ဖြစ်သည်။ သုတေသနနည်းနာအရ ဖြစ်စဉ်အချက်အလက်များကို အရေအတွက်ဖြင့် တိုင်းတာသည့် အရေအတွက်ပြဆန်းစစ်ချက် (Quantitative Analysis)နှင့် ဆန္ဒပြရခြင်း၏ နောက်ခံအကြောင်းရင်းများကို ဖော်ထုတ်သည့် အရည်အသွေး စံပြဆန်းစစ်ချက် (Qualitative Analysis) နည်းလမ်းနှစ်မျိုးကို ပေါင်းစပ် အသုံးပြုထားသည်။

အချက်အလက်များကို လွတ်လပ်၍ အမှီအခိုကင်းသော ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ၏ ဖော်ပြချက်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ မှတ်တမ်းများနှင့် အသံ (Athan) အဖွဲ့မှ သုတေသီများ၏ တိုက်ရိုက်စောင့်ကြည့်လေ့လာမှုများမှတစ်ဆင့် စနစ်တကျ ရယူစုဆောင်းခဲ့သည်။ ထိုသို့ ဆန်းစစ်ရာတွင် ဆန္ဒထုတ်ဖော်မှု အကြိမ်အရေအတွက်၊ တည်နေရာနှင့် အကြောင်းရင်းများသာမက တော်လှန်ရေးအဖွဲ့အစည်းများ၏ တုံ့ပြန်မှုပုံစံများ၊ ဖမ်းဆီးထိန်းသိမ်းခံရမှုအခြေအနေနှင့် တာဝန်ရှိသည့် အဖွဲ့အစည်းများကိုပါ ကဏ္ဍအလိုက် ခွဲခြားတင်ပြထားသည်။

သို့ရာတွင် မြန်မာနိုင်ငံ၏ လက်ရှိ မြေပြင်လုံခြုံရေး အခြေအနေနှင့် အချို့ဒေသများတွင် ကြုံတွေ့နေရသော ဆက်သွယ်ရေးနှင့် အင်တာနက်ဖြတ်တောက်မှုများကြောင့် မြေပြင်၌ဖြစ်ပွားခဲ့သော ဖြစ်စဉ်အားလုံးကို အပြည့်အစုံ မှတ်တမ်းတင်နိုင်ရန် အကန့်အသတ်များ ရှိခဲ့ပါသည်။ အထူးသဖြင့် သတင်းမီဒီယာများတွင် ဖော်ပြခြင်းမခံရသည့် အချို့သော လူထုလှုပ်ရှားမှုများ ကျန်ရှိနေနိုင်ပါသည်။ ထို့ကြောင့် ဤစာတမ်းပါ အချက်အလက်များသည် အသံအဖွဲ့မှ အတည်ပြုနိုင်သမျှသော ဖြစ်စဉ်များကိုသာ အခြေခံထားခြင်းဖြစ်ပြီး မြေပြင်၌ အမှန်တကယ်ဖြစ်ပွားမှု အရေအတွက်သည် လက်ရှိဖော်ပြပါ ကိန်းဂဏန်းများထက် ပိုမိုများပြားနိုင်ပါသည်။

## (၃) လေ့လာတွေ့ရှိချက်များ

အသံအဖွဲ့က ကောက်ယူရရှိထားသော အချက်အလက်များအရ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအထိ အချိန်ကာလအတွင်း တော်လှန်ရေးအင်အားစုများကို ဦးတည်သည့် လူထုလှုပ်ရှားမှု စုစုပေါင်း ၄၉-ကြိမ် ရှိခဲ့သည်။ ၎င်းတို့အနက် ၄၇-ကြိမ်မှာ ဆန္ဒပြမှုများဖြစ်ကာ ၂-ကြိမ်မှာ လူထုအားဖြင့် ပူးပေါင်းပါဝင်နိုင်ရန် စည်းရုံးလှုံ့ဆော်သည့် ကမ်ပိန်းများဖြစ်သည်။


နေရာဒေသအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးဖြစ်ပြီး လူထုလှုပ်ရှားမှု ၃၂ ကြိမ် ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးသည် နယ်မြေအားဖြင့် ကျယ်ပြန့်ရုံသာမက တော်လှန်ရေးအင်အားစုများ အများဆုံးလှုပ်ရှားနေသည့် ဒေသတစ်ခုဖြစ်ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ပြည်သူ့လုံခြုံရေးအဖွဲ့များ၊ ဒေသန္တရ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (LPDF) များနှင့် အခြားအဖွဲ့အစည်းပေါင်းစုံ တည်ရှိရာ နေရာဖြစ်သည်။ အဆိုပါအင်အားစုများ၏ အုပ်ချုပ်ရေးယန္တရားများသည် ဗဟိုစီမံကွပ်ကဲမှု တစ်ခုတည်းအောက်တွင် တစ်ညီတစ်ညွတ်တည်းမရှိဘဲ ပြန့်ကျဲနေသည်။ ထိုအခြေအနေအရပ်ရပ်ကြောင့် အဖွဲ့အစည်းများအကြား လုပ်ပိုင်ခွင့်နှင့် နယ်မြေထိန်းချုပ်မှုဆိုင်ရာ ပဋိပက္ခများ၊ အခွန်ကောက်ခံမှု၊ တရားစီရင်ရေး စံနှုန်းသတ်မှတ်ချက်များ ကွဲလွဲခြင်းများနှင့် မညီမျှခြင်းတို့ ဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရသည်။ ယင်းသည် ပြည်သူလူထုနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများအကြား ပွတ်တိုက်မှုများဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းများ ဖြစ်ပေသည်။

စစ်ကိုင်းတိုင်းသည် တော်လှန်ရေးအင်အားစုများ အားကောင်း၍ စိုးမိုးနယ်မြေဖြစ်သည့်အလျောက် ဒေသတွင်းရှိ သပိတ်ကော်မတီများအနေဖြင့် ပြည်သူလူထုအား အကြမ်းမဖက်လူထုလှုပ်ရှားမှုများ၌ ပိုမိုပါဝင်လာနိုင်ရန် စည်းရုံးလှုံ့ဆော်နိုင်သည်။ ထို့အတွက်ကြောင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ရပိုင်ခွင့် (ဝါ) အခွင့်အရေးများအပေါ် ယခင်ထက် နားလည်၍ လူထုလှုပ်ရှားမှု ဖြစ်စဥ်များတွင် ပိုမိုပူးပေါင်း ပါဝင်လာနိုင်ကြောင်း သုံးသပ်နိုင်သည်။ စစ်တပ်၏ လူမဆန်သော ဖိနှိပ်မှုများအပြင် တော်လှန်ရေးအဖွဲ့အစည်းများ၏ မတရားဖမ်းဆီးမှုများ၊ ခြိမ်းခြောက်မှုများကဲ့သို့ အာဏာရှင်ဆန်သည့်လုပ်ရပ်များကို ကြုံတွေ့လာသည့်အခါ ပြည်သူလူထုသည် ငြိမ်ဝပ်မနေဘဲ ဆန့်ကျင်ထုတ်ဖော်ပြောဆိုခြင်းနှင့် လူထုလှုပ်ရှားမှုများအဖြစ် ဖော်ဆောင်လာကြခြင်း ဖြစ်သည်။

ရှမ်းပြည်နယ်သည် တော်လှန်ရေးအင်အားစုများကို ဦးတည်သည့် ဆန္ဒထုတ်ဖော်မှု ဒုတိယအများဆုံးဒေသဖြစ်ပြီး ၅ ကြိမ်ထိရှိခဲ့ကာ မကွေးတိုင်း၌ ၄ ကြိမ်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတွင် ၃ ကြိမ်စီ ရှိခဲ့သည်ကို

တွေ့ရသည်။ စစ်ကိုင်းတိုင်းရှိ ဖြစ်စဉ်များသည် အုပ်ချုပ်ရေးနှင့် အခွန်ကောက်ခံမှုဆိုင်ရာ ပွတ်တိုက်မှုများအပေါ် အခြေခံသော်လည်း၊ ကချင်နှင့် ရှမ်းပြည်နယ်တို့ရှိ ဖြစ်စဉ်များမှာမူ သယံဇာတ တူးဖော်ထုတ်လုပ်မှုနှင့် မြေယာပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများတွင် ပိုမိုအမြစ်တွယ်နေသည်ကို တွေ့ရှိရသည်။

## (ပုံ-၁) စိုးမိုးနယ်မြေ(ထိန်းချုပ်နယ်မြေ)များအတွင်း တော်လှန်ရေးတပ်ဖွဲ့များကို ဦးတည်ဖော်ဆောင်ခဲ့သည့် အကြမ်းမဖက် လူထုဆန္ဒထုတ်ဖော်မှု အရေအတွက်နှင့် တည်နေရာပြမြေပုံ




Source: Athan-Freedom of Expression Organization . Created with Datawrapper

## (၃.၁) ဆန္ဒထုတ်ဖော်ရသည့် အကြောင်းအရင်းများ

ပြည်သူလူထုက ဆန္ဒထုတ်ဖော်ရသည့် အကြောင်းရင်းများလေ့လာရာတွင် အဓိကအကြောင်းရင်း (၅) ရပ်ကို တွေ့ရသည်။ ၎င်းတို့မှာ

၁။ သယံဇာတတူးဖော်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ လှုပ်ရှားမှုများ၊

၂။ အုပ်ချုပ်ရေး၊ အခွန်ကောက်ခံမှုဆိုင်ရာ မကျေနပ်ချက်များ၊

၃။ တရားစီရင်ရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်

၄။ တပ်သားသစ် စုဆောင်းခြင်းနှင့် မတရားဖမ်းဆီးမှုများကို ကန့်ကွက်သည့် ထုတ်ဖော်မှုများ

၅။ တော်လှန်ရေးအဖွဲ့များကို ဆန့်ကျင်သည့် လှုပ်ရှားမှုများတို့ ဖြစ်ကြသည်။

အဆိုပါ အဓိကအကြောင်းအရင်း (၅) ရပ်တွင် အုပ်ချုပ်ရေးနှင့် အခွန်အကောက် ကောက်ခံမှုဆိုင်ရာ မကျေနပ်ချက်များကို ဆန္ဒထုတ်ဖော်သည့်အကြိမ်ရေမှာ အများဆုံး ဖြစ်ပြီး ၁၅-ကြိမ်ထိ ရှိသည်ကို တွေ့ရသည်။ ၎င်းက ပြည်သူလူထု၏ နေ့စဉ်ဘဝနှင့် တိုက်ရိုက်သက်ဆိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အခွန်ကောက်ခံမှုများသည် မကျေနပ်မှုများကို အလွယ်တကူ ဖြစ်ပေါ်စေနိုင်သည့် အချက်များဖြစ်ကြောင်း ဖော်ပြနေသည်။

သယံဇာတတူးဖော်မှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုများက ဒုတိယ အများဆုံးနေရာတွင် ရှိနေပြီး ၁၃-ကြိမ် ရှိသည်ကို တွေ့ရသည်။ ယင်းသည် သယံဇာတအသုံးချမှုများ၏ သက်ရောက်မှုများကို ယခုလက်ရှိ ကာလတွင်သာမက နောင်အနာဂတ်အထိ ထိခိုက်မှုများ ကြုံတွေ့လာနိုင်သည့် အခြေအနေများကို ပြည်သူလူထုက နားလည်ထားသည်။ ထို့အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိနိုးကြားမှုနှင့် စိုးရိမ်ပူပန်မှုများ တိုးလာနေခြင်းသာမက ဒေသခံပြည်သူများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိနားလည်မှုလည်း မြင့်မားလာသည်ကို ထင်ထင်ရှားရှား သိမြင်နိုင်သည်။

## (ပုံ-၂) စိုးမိုးနယ်မြေများ (ထိန်းချုပ်နယ်မြေ)အတွင်းမှ တော်လှန်ရေးတပ်ဖွဲ့များကို ဦးတည်ကာ ဖော်ဆောင်ခဲ့သည့် မတူညီသော အကြမ်းမဖက် လူထုဆန္ဒထုတ်ဖော်မှု အမျိုးအစားပြဇယား


| စဉ် | သယံဇာတတူးဖော်မှုနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ လှုပ်ရှားမှုများ | အုပ်ချုပ်ရေးနှင့် အခွန်ကောက်ခံမှု ဆိုင်ရာ တရားမျှတမှု | တရားစီရင်ရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ | တပ်သားသစ် စုဆောင်းခြင်းနှင့် မတရား ဖမ်းဆီးမှုများ | တော်လှန်ရေးအဖွဲ့များကို ဆန့်ကျင်သည့် လှုပ်ရှားမှုများ |
|---|---|---|---|---|---|
| ၁။ | မြေရှားသတ္တုတူးဖော်မှု | အုပ်ချုပ်ရေးပိုင်း ဆိုင်ရာ | မုဒိန်းမှု | မတရား ဖမ်းဆီးခံများ ပြန်လည် လွတ်မြောက်ရေး | TNLA အလိုမရှိ |
| ၂။ | ရွှေတူးဖော်မှုကိစ္စ | အခွန်ငွေပြဿနာ (ဂိတ်ကြေး) | ရာဇဝတ်မှု | တပ်သားသစ် စုဆောင်းခြင်း (ပေါ်တာဆွဲခြင်း) | BNRA အလိုမရှိ |
| ၃။ | သတ္တုတူးဖော်မှု | - | - | - | - |
| ၄။ | လယ်ယာမြေပြဿနာ | - | - | - | - |

## (၃.၂) ဆန္ဒထုတ်ဖော်မှုများအပေါ် တုံ့ပြန်မှုများ

ပြည်သူလူထု၏ အကြမ်းမဖက် ဆန္ဒထုတ်ဖော်မှုများသည် တော်လှန်ရေးအဖွဲ့အစည်းများ၏ အုပ်ချုပ်ရေးနှင့် မူဝါဒပိုင်းဆိုင်ရာ လိုအပ်ချက်များကို ထောက်ပြသည့် အရေးပါသော အရပ်ဘက်လှုပ်ရှားမှုများ ဖြစ်ကြသည်။ သို့ရာတွင် အဆိုပါလှုပ်ရှားမှုများအပေါ် သက်ဆိုင်ရာ တော်လှန်ရေး အင်အားစုများ၏ တုံ့ပြန်ပုံနည်းလမ်းများသည် ဒေသတစ်ခုနှင့် တစ်ခု၊ အဖွဲ့အစည်း တခုနှင့်တခုအပေါ်မူတည်၍ ကွဲပြားခြားနားသည်ကို တွေ့ရှိရသည်။


၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် ငါးနှစ်တာ ကာလအတွင်း တော်လှန်ရေးအဖွဲ့များကို ဦးတည်သည့် လူထုလှုပ်ရှားမှု စုစုပေါင်း – ၄၈ ကြိမ်ရှိသည့်အနက် ၁၀ ကြိမ် (၂၀ ရာခိုင်နှုန်းခန့်) သည် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် တော်လှန်ရေးအဖွဲ့များ၏ အကြမ်းဖက်ဖြိုခွင်းခြင်း ခံခဲ့ရသည်။ အကြမ်းဖက်ဖြိုခွင်းသည်ဟု ဆိုရာတွင် သေနတ်ဖြင့်ပစ်ခတ်ခြင်း၊ ဖမ်းဆီးခြင်း၊ ရိုက်နှက် ဖြိုခွင်းခြင်းတို့ ပါဝင်သည်။ ကျန် – ၃၈ ကြိမ် (၈၀ ရာခိုင်နှုန်းခန့်) မှာမူ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တစုံတရာ တုံ့ပြန်သည်ဟု ယူဆနိုင်သည့် သတင်းအချက်အလက်များ မတွေ့ရှိရသဖြင့် ထိုလူထုလှုပ်ရှားမှုများအား တုံ့ပြန်ခြင်းမရှိဟု သုံးသပ်ယူဆနိုင်သည်။

(ပုံ–၃) စိုးမိုးနယ်မြေများ (ထိန်းချုပ်နယ်မြေ)တွင် တော်လှန်ရေးတပ်ဖွဲ့များကို ဖော်ဆောင်သည့် အကြမ်းမဖက် လူထုဆန္ဒထုတ်ဖော်မှုများအပေါ် သက်ဆိုင်ရာတော်လှန်ရေးအဖွဲ့များ၏ မတူညီသော တုံ့ပြန်မှုပုံစံ/ အခြေအနေပြဇယား



လူထုလှုပ်ရှားမှုများကို ဖြိုခွင်းခဲ့သည့် အဖွဲ့အစည်းများကို လေ့လာရာတွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေးတပ် (PDF) များက ဖြိုခွင်းမှုအများဆုံး ဖြစ်ပြီး မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA) ၊ ကချင်လွတ်မြောက်ရေးတပ်မတော် (KIA)၊ အာရက္ခတပ်တော် (AA)၊ ကယန်းပြည်သစ်ပါတီ (KNLP) နှင့် ဒေသန္တရ ပြည်သူ့ကာကွယ်ရေးတပ် (Local PDF) များလည်း ဖြိုခွင်းမှုများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။ ဤအချက်အလက်များသည် လူထုလှုပ်ရှားမှုများအပေါ် တော်လှန်ရေးအဖွဲ့များ၏ တုံ့ပြန်ပုံ မတူညီသော်လည်း အင်အားအသုံးပြုသည့် ဖြိုခွင်းပုံစံများကို အသုံးပြုလေ့ရှိကြောင်း ပြသနေသည်။

(ပုံ-၄) တော်လှန်ရေးတပ်ဖွဲ့များမှ အကြမ်းမဖက် လူထုဆန္ဒထုတ်ဖော်မှုများကို အကြမ်းဖက်ဖြိုခွင်းမှုဖြင့် ဖြေရှင်းခဲ့သည့် အရေအတွက်ပြဇယား




စိုးမိုးနယ်မြေ (ထိန်းချုပ်နယ်မြေ)များ အတွင်းရှိ သယံဇာတတူးဖော်မှု၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ပြည်သူလူထု၏ ဆန္ဒထုတ်ဖော်မှုများကို တော်လှန်ရေးအဖွဲ့အစည်းအချို့က အင်အားသုံး ဖြေရှင်းခဲ့ကြပုံများကို လေ့လာမည်ဆိုပါက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၆) ရက်နေ့တွင် ကချင်ပြည်နယ်၊ ချီဖွေမြို့၌ မြေရှားသတ္တုတူးဖော်မှုကို ကန့်ကွက်ခဲ့သည့် ဒေသခံ ၅၀ ကျော်ကို ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) က သေနတ်ဖြင့် ပစ်ခတ်လူစုခွဲကာ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။[3] ဖမ်းဆီးခံရသူများအနက်အချို့ကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ (၁၆) ရက်နှင့် (၁၇) ရက်နေ့များတွင်ပြန်လွှတ်ပေးခဲ့သော်လည်း ယင်းသတ္တုတူးဖော်ရေးလုပ်ငန်းများကို နောက်ထပ် ကန့်ကွက်ခြင်းမပြုရန် ခံဝန်ကတိလက်မှတ်များ အဓမ္မရေးထိုးခိုင်းခဲ့ကြောင်း တွေ့ရှိရသည်။ [4]

[3] ဖရဲဒေသမှာ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်း ကန့်ကွက်ဆန္ဒပြတဲ့ ဒေသခံတွေကို KIA က ဖမ်းဆီးနေဟုဆို၊ Myitkyina News Journal (၂၀၂၄၊ ဖေဖော်ဝါရီလ၊ ၁၄ ရက်နေ့)

[4] မြေရှားသတ္တုတူးတဲ့အပေါ် ကန့်ကွက်တာကြောင့် KIA က ဖမ်းဆီးခဲ့တဲ့ ဒေသခံတွေ ခံဝန်နဲ့ ပြန်လွှတ်လာ၊ RFA Burmese (၂၀၂၄၊ ဖေဖော်ဝါရီလ၊ ၂၇ ရက်နေ့)

အလားတူပင် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်အတွင်း ရွှေတူးဖော်မှုအပေါ် ကန့်ကွက်ဆန္ဒပြခဲ့ကြသော ဒေသခံ – ၃၆ ဦးကိုလည်း မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော်က (MNDAA) သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် အဆိုပါ ဖမ်းဆီးခံရသူများအနက် အချို့မှာ ပြန်လည် လွတ်မြောက်လာသော်လည်း ၉ – ဦးမှာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလကုန်ပိုင်းအထိ ဆက်လက်ထိန်းသိမ်းခံထားရဆဲ ဖြစ်ကာ အချို့မှာရိုက်နှက်၊ နှိပ်စက်ခြင်းကိုပင် ခံခဲ့ရသည်။ [5]

ထို့အပြင် စိုးမိုးနယ်မြေ (ထိန်းချုပ်နယ်မြေ)များအတွင်း ပြည်သူလူထု၏ အုပ်ချုပ်ရေးနှင့် လူမှုရေးဆိုင်ရာ တရား မျှတမှု တောင်းဆိုချက်များအပေါ် တုံ့ပြန်ရာ၌လည်း ညှိနှိုင်းဆွေးနွေးမှုထက် အရေးယူဖြိုခွင်းမှုများကို လုပ်ဆောင်ခဲ့ သည်ကို တွေ့ရသည်။ ၂၀၂၅ ခုနှစ်၊ မေလ (၁၈) ရက်နေ့တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင် ရက္ခိုင့်တပ်တော် (AA) ၏ စစ်မှုထမ်းဥပဒေကိုမကျေနပ်၍ ဆန္ဒပြခဲ့သော ဒေသခံ ၅၀ ခန့်ကို (AA) က ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ [6]

၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့ စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၌လည်း အကောက်ခွန်ဂိတ်ကောက်ခံ မှုနှင့်ပတ်သက်၍ ဆန္ဒပြသူများနှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) လက်အောက်ခံ ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့ (PDF) အဖွဲ့ဝင်များအကြား အငြင်းပွားမှုဖြစ်ပွားရာမှ တစ်ဆင့် အပြန်အလှန်ရိုက်နှက်ပစ်ခတ်မှုများအထိ ကျူးလွန် ခဲ့ကြသဖြင့် နှစ်ဖက်စလုံးတွင် ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။ [7]

ဤသို့သော ဖြစ်စဉ်များသည် စိုးမိုးနယ်မြေများ (ထိန်းချုပ်နယ်မြေ)ရှိ သယံဇာတတူးဖော်မှုနှင့် စီမံခန့်ခွဲမှုတို့တွင် ပြည်သူလူထု၏အသံကို ဂရုတစိုက် နားထောင်ခြင်းထက် အာဏာနှင့် လက်နက်အင်အားကိုအသုံးပြု၍ ဖြေရှင်းနေသည် ကို သက်သေပြနေသည်။ တော်လှန်ရေးအင်အားစုများအနေဖြင့် ၎င်းတို့ ထိန်းချုပ်စိုးမိုးရာဒေသတွင် အုပ်ချုပ်ရေးပိုင်း ဆိုင်ရာလွဲမှားမှုများနှင့် အခွန်ကောက်ခံမှုဆိုင်ရာ အငြင်းပွားမှုများကို အပြုသဘောဆောင်သည့် နည်းလမ်းဖြင့် ညှိနှိုင်း ဖြေရှင်းရန် ပျက်ကွက်ကာ ပြည်သူလူထုကို ဖိနှိပ်နေသည့် ပုံရိပ်ကို ပေါ်လွင်စေသည်။

၂၀၂၁ ခုနှစ် မှ ၂၀၂၆ ခုနှစ်အတွင်း တော်လှန်ရေးတပ်ဖွဲ့တချို့၏ ဖြိုခွင်းမှုများကြောင့် ထိခိုက်၊ ဖမ်းဆီးခံရသူ စုစုပေါင်း – ၁၅၇ ဦး ရှိခဲ့သည်။

---

[5] မြေသိမ်းရွှေတူးမည့်လုပ်ငန်း ကန့်ကွက်သည့် ရွာသား ၉ ဦးကို MNDAA ဖမ်းဆီးထား၊ ကျော်ဇင်ဝင်း၊ Myanmar Now (၂၀၂၆၊ ဖေဖော်ဝါရီလ၊ ၄ ရက်နေ့)

[6] တောင်ကုတ်တွင် စစ်မှုထမ်းဥပဒေကို ဆန္ဒပြသည့် ဒေသခံ ၅၀ ခန့်ကို AA ဖမ်းဆီး၊ Ayeyarwaddy Times (၂၀၂၅၊ မေလ၊ ၂၅ ရက်နေ့)

[7] ထန်းကြီးရွာအခွန်ကောက်ဂိတ် ဆန္ဒပြခံရမှု ရွာပကဖ၊ဒေသခံနဲ့ PDF တွေကြား ဘာတွေဖြစ်ခဲ့လဲ၊ မြတ်၊ ကျော်စွာ၊ Myaelatt Athan (၂၀၂၅၊ စက်တင်ဘာလ၊ ၁၄ ရက်နေ့)

## (ပုံ-၅) အကြမ်းမဖက် လူထုဆန္ဒထုတ်ဖော်မှုများကို အကြမ်းဖက်ဖြိုခွင်းမှုဖြင့် ဖြေရှင်းခဲ့သည့် တော်လှန်ရေးတပ်ဖွဲ့များနှင့် ဖြစ်စဉ်များ

| စဉ် | အကြောင်းအရင်း | ကျူးလွန်သည့် အဖွဲ့အစည်း | ဖြိုခွင်းမှုပုံစံနှင့် နောက်ဆက်တွဲ ဖြစ်စဉ် |
|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ အင်းတိန်ကျေးရွာထဲမှ ဒေသခံများ၏ လယ်ကွင်း (၅) ဧကကိုဖြတ်ကာ ဆူးပုံချောင်-အင်းတိန်ကားလမ်းသစ် ဖောက်လုပ်ခြင်းအပေါ် အင်းတိန်ဒေသခံများက ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ရာ၌ ဖမ်းဆီးခဲ့သည့် ဖြစ်စဉ်။ | ပြည်သူ့ကာကွယ်ရေးတပ် (အမျိုးသား ညီညွတ်ရေးအစိုးရ) | ဆန္ဒထုတ်ဖော်ရာ၌ ပါဝင်သည့် လယ်သမား (၄)ဦးအားဖမ်းဆီး၍ နောက်ဆက်တွဲ အနေဖြင့် ထိပ်တုံးခတ်အကျည်းချခြင်း၊ ရိုက်နှက်ခြင်းများ ကျူးလွန်ခဲ့သည်။ |
| ၂။ | ကချင်၊ ချီဖွေမြို့ရှိ ဖရဲဒေသမှ မြေရှားသတ္တု တူးဖော်ရေးကို နောက်ထပ်ကန့်ကွက်မှု ဖြစ်စဉ်။ | ကချင်လွတ်မြောက်ရေး တပ်မတော် | ဆန္ဒထုတ်ဖော်သူများအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ |
| ၃။ | ဒေသခံ (၄၀) ကျော်ကို ဖမ်းဆီးထားတဲ့ စစ်ကိုင်းတိုင်း၊ ဆားလင်းကြီးမြို့နယ် ပြည်သူ့လုံခြုံရေး(ပလဖ) အလိုမရှိကြောင်း ဆန္ဒပြသည့် ဖြစ်စဉ်။ | ပြည်သူ့ကာကွယ်ရေးတပ် (အမျိုးသား ညီညွတ်ရေးအစိုးရ) | ဦးဆောင်သူ ဆားထုံးရွာမှ အမျိုးသမီး (၁)ဦးအား ၎င်းနေအိမ်သို့ လာရောက်ပြီး စစ်ဆေးမေးမြန်းကာ လက်ထိပ်ခတ် ဖမ်းဆီးခဲ့။ သည့်အပြင် သေနတ်ဒင်နဲ့ ထုတာအပြင် လာရောက်ဖမ်းဆီးတဲ့ ပလဖရဲမေနှင့် ရှန်းရင်းဆန်ခတ်ဖြစ်နေ ချိန်၌ ရဲဝတ်စုံနှင့် ပြောက်ကျားဝတ် သေနတ်ကိုင် အမျိုးသားတွေက သေနတ်နဲ့ ပစ်ခတ်ခဲ့သည်။ |

| | | | |
|---|---|---|---|
| ၄။ | ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်မှ ကျေးရွာတ ရွာ၌ ရွှေတူးဖော်ခြင်းလုပ်ငန်းအား ဒေသခံရွာသားတွေက သွားရောက် ကန့်ကွက်သည့် ဖြစ်စဉ်။ | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော် | ကန့်ကွက်ဆန္ဒပြသူများအား မြန်မာ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်မတော်က ပစ်ခတ်ခဲ့ပြီး အနည်းဆုံး အရပ်သား (၆) ဦး သေဆုံးခဲ့သည်။ |
| ၅။ | တောင်ကုတ်တွင် စစ်မှုထမ်းဥပဒေကို ဆန္ဒပြသည့် ဖြစ်စဉ်။ | အာရက္ခတပ်တော် | ဆန္ဒပြရာ၌ ပါဝင်ခဲ့သည့် ဒေသခံ (၅၀) ဦးခန့်ကို ဖမ်းဆီးခဲ့သည်။ |
| ၆။ | စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ထန်းကြီးကျေးရွာအနီး၌ (ဒေသ အခေါ် ရွှေဘို-မန္တလေးကွင်းလမ်း) တည်ရှိသည့် ပြည်သူ့ကာကွယ်ရေး အခွန်ကောက်ဂိတ်ရဲ့ ငွေကောက်ခံ ခြင်းနှင့် ပတ်သက်၍ ဆန္ဒပြမှုတွေ ဖြစ်ပွားခဲ့သည့်အပြင် ဆန္ဒပြမှု အတွင်း ပါဝင်ခဲ့သည့် ဒေသခံ၊ ရွာပကဖများနှင့် ဆန္ဒပြခံရသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တွေ အကြား အပြန်အလှန်ရိုက်နှက်၊ ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်။ | ပြည်သူ့ကာကွယ်ရေးတပ် (အမျိုးသား ညီညွတ်ရေးအစိုးရ) | ဆန္ဒထုတ်ဖော်သူ ဒေသခံများနှင့် အကောက်ခွန်ဂိတ် PDF တပ်ဖွဲ့ဝင်တွေ အကြား အပြန်အလှန် ရိုက်နှက်ပစ်ခတ် မှုတွေဖြစ်ခဲ့ကာ နှစ်ဖက်ထိခိုက်ဒဏ်ရာ ရရှိသူတွေ ရှိခဲ့သည်။ |

| | | | |
|---|---|---|---|
| ၇။ | စစ်ကိုင်းတိုင်းအထက် ချင်းတွင်း ကလေးခရိုင်၊ မင်းကင်းမြို့နယ် အတွင်း ပသုံးလုံး ဦးဆောင်၍ ရွှေ မျှောလုပ်ကိုင်မည့် စီမံကိန်းအား ကန့်ကွက်ဆန္ဒပြသည့် ဖြစ်စဉ်။ | ဒေသန္တရ ပြည်သူ့ကာကွယ်ရေးတပ် | ပူးပေါင်းပါဝင်ခဲ့သည့် တာဝန်ခံများအား နေအိမ်များထိ ဝင်ရောက် ဖမ်းဆီးခဲ့သည်။ |
| ၈။ | ဒေသခံပြည်သူများ၏ သဘောတူညီမှု မပါဘဲ မင်းကင်းမြို့နယ်၊ လောင်းပြည့် ကျေးရွာမှ ရွှေမျှောတိုက်ဖို့ ခွင့်ပြုခဲ့ သည့်အတွက် ဆန္ဒပြသည့် ဖြစ်စဉ်။ | ပြည်သူ့ကာကွယ်ရေးတပ် (အမျိုးသား ညီညွတ်ရေးအစိုးရ) | ဆန္ဒထုတ်ဖော်ရာ၌ ပါဝင်ခဲ့သူများအား ညအချိန် နေအိမ်များသို့ အတင်းအဓမ္မ ဝင်ရောက် ဖမ်းဆီးခဲ့သည်။ |
| ၉။ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ် မန်စယ် ကျေးရွာအုပ်စုတွင် ရွှေတူးဖော်မှုကို ကန့်ကွက်ခြင်းကြောင့် ရွာသားအချို့ ကို ဖမ်းဆီးသည့် ဖြစ်စဉ်။ | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | ဆန္ဒထုတ်ဖော်သူများအား ဖမ်းဆီး၍ ရိုက်နှက် စစ်ဆေးခဲ့သည်။ |
| ၁၀။ | ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ် မြင်းမထိတောင်ဒေသ၌ တရုတ်ကုမ္ပဏီ နှင့် ပူးပေါင်းလုပ်ကိုင်မည့် အကြီးစား ခဲသတ္တုတူးဖော်ရေးစီမံကိန်း ရပ်ဆိုင်း ရန် ကန့်ကွက်ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်သူ (၄) ဦးကို ကယန်းပြည် သစ်ပါတီ (KNLP) မှဖမ်းဆီးသည့် ဖြစ်စဉ်။ | ကယန်းပြည်သစ်ပါတီ | ဆန္ဒထုတ်ဖော်သူများကို ဆွေးနွေးရန်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ |

## (၄) နိဂုံး

ဤသုတေသနစာတမ်းတို၏ တွေ့ရှိချက်များအရ တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်မြေများတွင်လည်းပြည်သူလူထု၏လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်စုဝေးခွင့်တို့မှာလက်တွေ့တွင်ကန့်သတ်ချုပ်ချယခံရမှုတချို့ ရှိနေဆဲဖြစ်သည်။ လေ့လာတွေ့ရှိချက်များအရ စုစုပေါင်းဖြစ်စဉ်များ၏ ၁၀– ကြိမ် (၂၀ ရာခိုင်နှုန်းခန့်) တွင်သာ အင်အားသုံးဖြိုခွင်းမှုများ ရှိခဲ့သည်ဟုဆိုသော်လည်း ထိုအင်အားသုံးဖြေရှင်းမှုများသည်ပင် တော်လှန်ရေး၏ပုံရိပ်နှင့် လူထုယုံကြည်မှုကို ကြီးမားစွာထိခိုက်စေနိုင်သည့် အန္တရာယ်ရှိနေသည်ဟု ရှုမြင်နိုင်သည်။ Rodríguez နှင့် White တို့၏ လူမှုဗေဒဆိုင်ရာ သုံးသက်ချက်အရ ဆန္ဒပြမှုများသည် စနစ်တစ်ခုအတွင်း လူမှုရေးတင်းမာမှု (Social Tension) မြင့်မားနေခြင်းကိုပြသသည့် လက္ခဏာရပ်များဖြစ်သည်။ ၎င်းတင်းမာမှုများကို အင်အားသုံးဖြိုခွင်းခြင်း (Escalated Force)သို့မဟုတ်ဖမ်းဆီးခြင်းနည်းလမ်းများဖြင့်တုံ့ပြန်ခြင်းသည်ထိုဆန္ဒပြမှုများကိုရပ်တန့်စေမည့်အစားပိုမိုလှုံ့ဆော်ပေးခြင်း (Inflammatory Effect) ကိုသာ ဖြစ်ပေါ်စေပြီး နောက်ဆက်တွဲ တင်းမာမှုများနှင့် ဆိုးကျိုးများကိုသာ ပိုရမြင့်တတ်စေနိုင်သည်။[8] ဤကဲ့သို့သော တုံ့ပြန်မှုများသည် တော်လှန်ရေးအဖွဲ့အစည်းများအပေါ် ပြည်သူလူထု၏ ယုံကြည်လေးစားမှုနှင့် တရားဝင်မှုကို (Legitimacy) ကျဆင်းစေနိုင်သဖြင့် အထူးသတိပြုရန် လိုအပ်သည်။

[8] An analysis of protesting activity and trauma through mathematical and statistical models, Rodríguez and White Crime Science (2023)

## (၅) အကြံပြုချက်များ

သုတေသန၏ တွေ့ရှိချက်များအပေါ် အခြေခံ၍ တော်လှန်ရေး၏ အောင်မြင်မှုနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အောက်ပါအချက်များကို အကြံပြုအပ်ပါသည်။

- တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် ပြည်သူလူထု၏ အကြမ်းမဖက် လှုပ်ရှားမှုများကို မိမိတို့အား ဆန့်ကျင်နေသည်ဟု သဘောမထားဘဲ ညှိနှိုင်းကာ အပြုသဘောဆောင်သော နည်းလမ်းများဖြင့်ကိုင်တွယ်ဖြေရှင်းသင့်သည်။

- အကြမ်းဖက် ဖြိုခွင်းခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းထက် လူထုကိုယ်တိုင်က တရားမျှတမှု ရှိသည်ဟုယုံကြည်လက်ခံလာစေမည့် မှန်ကန်တိကျသော နည်းစနစ်များကို ဖော်ဆောင်ရန်။

- ပြင်းထန်လာသော လက်နက်ကိုင်ပဋိပက္ခများကြားတွင် အကြမ်းမဖက် လှုပ်ရှားမှုနှင့် သက်ဆိုင်သော ယဉ်ကျေးမှုနှင့် အခန်းကဏ္ဍများ ကွယ်ပျောက်မသွားစေရန် တော်လှန်ရေး အင်အားစုများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ရမည်။

- သယံဇာတစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အငြင်းပွားမှုများတွင် လက်နက်အင်အားကို အသုံးမပြုဘဲပြည်သူ့အသံကို နားထောင်သည့် ပွင့်လင်းမြင်သာသော ညှိနှိုင်းဆွေးနွေးမှုများကို ဖော်ဆောင်သင့်သည်။

- တော်လှန်ရေးတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုအင်အားကို ဆက်လက်ထိန်းထားနိုင်ရန် ပြည်သူ့ဆန္ဒကို အလေးအနက် လေးစားလိုက်နာပြီး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီစံနှုန်းများကို တော်လှန်ရေးအဖွဲ့အစည်းများကိုယ်တိုင် စံပြအဖြစ် လိုက်နာကျင့်သုံးရန် လိုအပ်သည်။

| | | |
|---|---|---|
| ၁။ | ပြည်သူ့ကာကွယ်ရေးတပ် (အမျိုးသားညီညွတ်ရေးအစိုးရ) | People Defence Force (PDF– NUG) |
| ၂။ | ကချင်လွတ်မြောက်ရေးတပ်မတော် | Kachin Independence Organizations (KIO) |
| ၃။ | မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် | Myanmar National Democratic Alliance Army (MNDAA) |
| ၄။ | ဒေသန္တရ ပြည်သူ့ကာကွယ်ရေးတပ် | Local People Defence Force (LPDF) |
| ၅။ | ကယန်းပြည်သစ်ပါတီ | Kayan New Land Party (KNLP) |
| ၆။ | အာရက္ခတပ်တော် | Arkan Army (AA) |

# ကိုးကားချက်များ

တော်လှန်ရေးတပ်ဖွဲ့များ သိမ်းပိုက်ထိန်းချုပ်ထားသည့် မြို့ပေါင်း ၉၀ မြို့၊
Burma News International (၂၀၂၆၊ မတ်လ)

ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ်

ဖရဲဒေသမှာ မြေရှားသတ္တုတူးဖော်ရေးလုပ်ငန်း ကန့်ကွက်ဆန္ဒပြတဲ့ ဒေသခံတွေကို KIA က ဖမ်းဆီးနေဟုဆို၊
Myitkyina News Journal (၂၀၂၄၊ ဖေဖော်ဝါရီလ၊ ၁၄ ရက်နေ့)

မြေရှားသတ္တုတူးတဲ့အပေါ် ကန့်ကွက်တာကြောင့် KIA က ဖမ်းဆီးခဲ့တဲ့ ဒေသခံတွေ ခံဝန်နဲ့ ပြန်လွတ်လာ၊
RFA Burmese (၂၀၂၄၊ ဖေဖော်ဝါရီလ၊ ၂၇ ရက်နေ့)

မြေသိမ်းရွှေတူးမည့်လုပ်ငန်း ကန့်ကွက်သည့် ရွာသား ၉ ဦးကို MNDAA ဖမ်းဆီးထား၊ ကျော်ဇင်ဝင်း၊
Myanmar Now (၂၀၂၆၊ ဖေဖော်ဝါရီလ၊ ၄ ရက်နေ့)

တောင်ကုတ်တွင် စစ်မှုထမ်းဥပဒေကို ဆန္ဒပြသည့် ဒေသခံ ၅၀ ခန့်ကို AA ဖမ်းဆီး၊
Ayeyarwaddy Times (၂၀၂၅၊ မေလ၊ ၂၅ ရက်နေ့)

ထန်းကြီးရွာအခွန်ကောက်ဂိတ်ဆန္ဒပြခံရမှုရွာပကဖ၊ဒေသခံနဲ့PDFတွေကြားဘာတွေဖြစ်ခဲ့လဲ၊မြတ်၊ကျော်စွာ၊
Myaelatt Athan (၂၀၂၅၊ စက်တင်ဘာလ၊ ၁၄ ရက်နေ့)

An analysis of protesting activity and trauma through mathematical and statistical models, Rodríguez and White Crime Science (2023)

# ဖိနှိပ်ဖမ်း၊ ပြန်တွန်းလှန်

ဧပြီလ၊ ၂၀၂၆ ခုနှစ်

တော်လှန်ရေးအင်အားစုများကို ဦးတည်သည့်
အကြမ်းမဖက် လူထုလှုပ်ရှားမှုများအပေါ် တုံ့ပြန်မှုများကို လေ့လာဆန်းစစ်ခြင်း

